# ကရင်ပြည်နယ်လွှတ်တော်
# လက်ကမ်းစာစောင်



# ကရင်ပြည်နယ်အတွင်းရှိ ခရိုင်/မြို့နယ်/မြို့များတည်နေရာပြမြေပုံ




**ဘားအံခရိုင်**
- ဘားအံမြို့နယ်
- လှိုင်းဘွဲ့မြို့နယ်
- သံတောင်ကြီးမြို့နယ်
- လိပ်သိုမြို့
- သံတောင်မြို့
- ဘောဂလိမြို့
- ပိုင်ကျုံမြို့
- ရှမ်းရွာသစ်မြို့

**ဖာပွန်ခရိုင်**
- ဖာပွန်မြို့နယ်
- ကမမောင်းမြို့

**ကော့ကရိတ်ခရိုင်**
- ကော့ကရိတ်မြို့နယ်
- ကြာအင်းဆိပ်ကြီးမြို့နယ်
- ကျိုက်ဒုံမြို့
- ဘုရားသုံးဆူမြို့
- ကျုံဒိုးမြို့

**မြဝတီခရိုင်**
- မြဝတီမြို့နယ်
- စုကလိမြို့
- ဝေါလေမြိုင်မြို့

# မာတိကာ


၁။ လွှတ်တော် ဖွဲ့စည်းပုံ ၁

၁.၁။ လွှတ်တော် သက်တမ်း ၁

၁.၂။ လွှတ်တော် ဖွဲ့စည်းပုံ ၂

၁.၃။ လွှတ်တော် အကြီးအမှူး ၃

၂။ ရွေးကောက်ပွဲ ကျင်းပပုံစနစ် ၅

၃။ လွှတ်တော် ကိုယ်စားလှယ်များ ၅

၃.၁။ လွှတ်တော်တွင်းကိုယ်စားလှယ်များ ပါဝင်မှု ၅

၃.၂။ လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင်း ဆောင်ရွက်ချက်များ ၆

၃.၃။ မဲဆန္ဒရှင်ပြည်သူများအတွက် ဆောင်ရွက်ချက်များ ၆

၃.၄။ ကိုယ်စားလှယ်တစ်ဦး၏ တစ်နေ့တာ ၇

၄။ လွှတ်တော်၏ လုပ်ငန်းတာဝန်များ ၉

၄.၁။ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းနှင့် သမ္မတ၊ ဒုတိယသမ္မတများ ရွေးကောက်တင်မြှောက်ခြင်း ၉

၄.၂။ ပြည်သူလူထုကို ကိုယ်စားပြုခြင်း ၁၀

၄.၃။ ဥပဒေပြုခြင်း ၁၀

၄.၄။ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို အပြန်အလှန် ထိန်းညှိခြင်း ၁၀

၄.၅။ လွှတ်တော်အစည်းအဝေးပွဲများကျင်းပခြင်း ၁၁

၅။ လွှတ်တော်အစည်းအဝေးများ၏ ဆောင်ရွက်ချက်များ ၁၃

၅.၁။ ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော ဥပဒေကြမ်းများ ၁၃

၅.၂။ ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆောင်ရွက်သည့်ကိစ္စရပ်များ ၁၄

၅.၃။ ဥပဒေကြမ်းတစ်ခုကို အတည်ပြုရန် ဆောင်ရွက်ပုံအဆင့်ဆင့် ၁၄

၅.၄။ မေးခွန်းများနှင့် အဆိုများ ၁၆

၅.၅။ ရသုံးမှန်းခြေငွေစာရင်း စိစစ်ခွင့်ပြုခြင်း ၁၇

၅.၆။ ပြည်သူပါဝင်မှု ၁၇

၆။ လွှတ်တော် ကော်မတီများ ၁၈

၆.၁။ လွှတ်တော်ရှိ ကော်မတီများ၏ အခန်းကဏ္ဍ ၁၈

၆.၂။ ကော်မတီများ ဖွဲ့စည်းခြင်း ၁၉

၇။ လွှတ်တော်လေ့လာရေး ၁၉

၇.၁။ လွှတ်တော်သို့ လာရောက်လေ့လာရန်အတွက် ဆောင်ရွက်ရမည့်ကိစ္စများ ၁၉

၇.၂။ လွှတ်တော်အသီးသီးမှ ဆောင်ရွက်ပေးသော အကူအညီများ ၂၀

၇.၃။ ဆက်သွယ်ရန် ၂၀

## ၁။ လွှတ်တော်ဖွဲ့စည်းပုံ

### ၁.၁။ လွှတ်တော် သက်တမ်း

လွှတ်တော် သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ ပထမ ပုံမှန် အစည်းအဝေး စတင်ကျင်းပသည့် နေ့ရက်မှစ၍ ၅နှစ် ဖြစ်သည်။

ပြည်နယ်လွှတ်တော်



ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်

တပ်မတော်သား ကိုယ်စားလှယ်

တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်

၅နှစ်

# ၁ ။ လွှတ်တော် ဖွဲ့စည်းပုံ

ပြည်နယ်လွှတ်တော်



ရွေးကောက်ခံကိုယ်စားလှယ် တိုင်းရင်းသားကိုယ်စားလှယ် တပ်မတော်သားကိုယ်စားလှယ်







ကိုယ်စားလှယ်ဦးရေ (၁၄) ဦး + ကိုယ်စားလှယ်ဦးရေ (၃) ဦး + ကိုယ်စားလှယ်ဦးရေ (၆) ဦး

## လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၃ ဦး



ပြည်နယ်တွင်း တစ်မြို့နယ်လျှင်နှစ်ဦးကျစီဖြင့်တူညီစွာ ရွေးကောက်တင်မြှောက်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် **၁၄ ဦး**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့် ညီမျှသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် **၆ ဦး**

ပြည်နယ်တွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှ အပ ကျန်တိုင်းရင်းသား လူမျိုးများ၏ စုစုပေါင်းလူဦးရေ ၀.၁



ရာခိုင်နှုန်းနှင့်အထက်ရှိသော လူမျိုး(၁)မျိုးလျှင်တစ်ဦးကျစီ ရွေးကောက် တင်မြှောက်သည့် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် **၃ ဦး**

# ၁.၃။ လွှတ်တော်အကြီးအမှူး






အမည် - ဦးစောချစ်ခင်
မဲဆန္ဒနယ် - လှိုင်းဘွဲ့ မဲဆန္ဒနယ်အမှတ်(၂)
ကိုယ်စားပြုပါတီ- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ**



အမည် - ဒေါ်နန်းသူဇာဝင်း
မဲဆန္ဒနယ် - ကော့ကရိတ် မဲဆန္ဒနယ်အမှတ်(၁)
ကိုယ်စားပြုပါတီ- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
**ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ**

# ရွေးကောက်ပွဲများ



၂၀၁၀ ၂၀၁၅ ၂၀၂၀

## ၅ နှစ်လျှင် တစ်ကြိမ် ကျင်းပပါသည်။

## ၂။ ရွေးကောက်ပွဲကျင်းပပုံစနစ်

မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပပုံစနစ်မှာ မဲအများဆုံးရသူအနိုင်ယူစနစ်ဖြင့် ရွေးကောက်တင်မြှောက်ပါသည်။ ပြည်နယ်များ တိုင်းဒေသကြီးများသည် တစ်ခုနှင့်တစ်ခု နယ်မြေအကျယ်အဝန်းနှင့် လူဦးရေချင်း မတူညီသောကြောင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီက ကိုယ်စားပြုသော ပြည်သူလူထု ဦးရေချင်း မတူညီပါ။

ပြည်နယ်/တိုင်းဒေကြီးလွှတ်တော်များအတွက် ရွေးကောက်ပွဲများကို ၅ နှစ်လျှင် တစ်ကြိမ် ရက်တစ်ရက်တည်းတွင် တစ်ပြိုင်တည်းကျင်းပပါသည်။

## ၃။ လွှတ်တော်ကိုယ်စားလှယ်များ




### ၃.၁။ လွှတ်တော်တွင်း ကိုယ်စားလှယ်များပါဝင်မှု

| | | |
|---|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | - | ၁၃ ဦး |
| ကရင်ပြည်သူ့ပါတီ | - | ၁ ဦး |
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | - | ၃ ဦး |
| တပ်မတော်သားကိုယ်စားလှယ် | - | ၆ ဦး |
| **စုစုပေါင်း** | **-** | **၂၃ ဦး** |

## ၃.၂။ လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင်းဆောင်ရွက်ချက်များ

- ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား(၂)နှင့်အညီ ဥပဒေကြမ်းများ တင်သွင်းခြင်း၊ စိစစ်ခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုခြင်း၊
- အဆိုများ တင်သွင်းခြင်း၊ မေးခွန်းများ မေးမြန်းခြင်း၊
- နိုင်ငံတော်နှင့် မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင် ပုဂ္ဂိုလ်များ နှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊
- နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ပြည်နယ်/တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်း များကို သက်ဆိုင်ရာလွှတ်တော် ကော်မတီများက လွှတ်တော်မှတစ်ဆင့် ဆက်သွယ် ဆောင်ရွက်ပေးခြင်း၊
- မဲဆန္ဒရှင် ပြည်သူများအား လွှတ်တော်သို့ လာရောက်လေ့လာရန် ဖိတ်ကြားနိုင်ခြင်း၊
- ဥပဒေပြုခြင်း၊ ကိုယ်စားပြုခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အပြန်အလှန် ထိန်းညှိခြင်း။

## ၃.၃။ မဲဆန္ဒရှင်ပြည်သူများအတွက်ဆောင်ရွက်ချက်များ

–လွှတ်တော်တွင်း ဆောင်ရွက်ချက်များကို မဲဆန္ဒရှင်ပြည်သူများသို့ ပြန်လည်ရှင်းလင်း တင်ပြခြင်း–

မဲဆန္ဒရှင်ပြည်သူများ၏
အသံများ၊ မိမိမဲဆန္ဒနယ်မြေ၏
လိုအပ်ချက်များကို
လွှတ်တော်တွင်
မေးခွန်း(သို့မဟုတ်)
အဆိုအဖြစ်တင်သွင်းခြင်း

## ၃.၄။ ကိုယ်စားလှယ်တစ်ဦး၏ တစ်နေ့တာ

- မဲဆန္ဒရှင်ပြည်သူများအကျိုးအတွက်ကိုယ်စားပြု ဆောင်ရွက်ခြင်း၊
- လွှတ်တော် အစည်းအဝေး တက်ရောက်ခြင်း၊
- လွှတ်တော်အစည်းအဝေးအပြီးတွင် ကော်မတီ၏ လုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်း၊
- သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ခြင်း၊
- မျက်မှောက်ရေးရာကိစ္စရပ်များကို အစိုးရနှင့် အရပ်ဘက်ပညာရှင်များ၊ ဝန်ကြီးဌာနများနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်ကြရပါသည်။

သင်တန်းများ၊
အလုပ်ရုံဆွေးနွေးပွဲများ
တက်ရောက်ခြင်း

မျက်မှောက်ရေးရာ ကိစ္စရပ်များကို
အစိုးရနှင့် အရပ်ဘက် ပညာရှင်များ၊
ဝန်ကြီးဌာနများနှင့်အပြန်အလှန်
ဆွေးနွေးခြင်းများပြုလုပ်ကြရပါသည်။

# လွှတ်တော်၏
# လုပ်ငန်းတာဝန်များ



# ၄။ လွှတ်တော်၏လုပ်ငန်းတာဝန်များ




လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

လွှတ်တော်လုပ်ငန်းတာဝန်များတွင်

- လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးကောက် တင်မြှောက်ခြင်း၊
- ပြည်သူလူထုကို ကိုယ်စားပြုခြင်း၊
- ဥပဒေပြုခြင်း၊
- အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့ အစည်းများ၏ဆောင်ရွက်ချက်များကို အပြန် အလှန် ထိန်းညှိခြင်းတို့

ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းခြင်း၊ တစ်ဦးထက်ပိုလျှင် လျှို့ဝှက်ဆန္ဒမဲပေး ခြင်းဖြင့် ရွေးကောက်



(အရွေးခံရလျှင် တာဝန်ထမ်းဆောင်မည် ဟုကြိုတင်သဘောတူသူများဖြစ်သည်။)



ဒုတိယဥက္ကဋ္ဌ ရွေးချယ်ခြင်းလည်းအလားတူ ဆောင်ရွက်သည်။

## ၄.၁။ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

ပြည်နယ်လွှတ်တော်တွင် ဦးစွာသဘာပတိ တစ်ဦးစီရွေးချယ်သည်။ ရွေးကောက်ခံရလျှင် တာဝန် ထမ်းဆောင်ပါမည်ဟု ကြိုတင်သဘောတူထားသည့် လွှတ်တော်ကိုယ်စားလှယ်များကို ဥက္ကဋ္ဌ လောင်းအဖြစ် အမည်စာရင်းတင်သွင်းသည်။ တစ်ဦးတည်းဆိုလျှင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံ ရပြီး တစ်ဦးထက်ပိုလျှင် လျှို့ဝှက်ဆန္ဒမဲ ပေးခြင်းဖြင့်ရွေးကောက်ကြသည်။

## ၄.၂။ ပြည်သူလူထုကိုကိုယ်စားပြုခြင်း

လွှတ်တော်သည် ပြည်သူများကို အထိရောက်ဆုံး ကိုယ်စားပြုနိုင်သော အဖွဲ့အစည်းတစ်ခုလည်း ဖြစ်သည်။ လွှတ်တော်သည် **—ပြည်သူ့အသံ - လွှတ်တော်အသံ—**
**—ပြည်သူ့ဆန္ဒ - လွှတ်တော်ဆန္ဒ—**
**—ပြည်သူတို့မျှော်လင့်ချက် - လွှတ်တော်က ဖော်ဆောင်ရွက်—** ဟူသည့် လွှတ်တော်ဆောင်ပုဒ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

## ၄.၃။ ဥပဒေပြုခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား(၂)နှင့်အညီ ပြည်နယ်အဆင့် အဖွဲ့အစည်းများ၊ လွှတ်တော် ကော်မတီများအပါအဝင်၊ ပြည်နယ်အစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသော ဥပဒေကြမ်းများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်း၊ ခေတ်နှင့်လိုက်လျော ညီထွေမှု မရှိသော ဥပဒေများ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြန်လည် ရေးဆွဲခြင်းတို့ ဆောင်ရွက်ကြပါသည်။ ပြည်သူ့ဘဝလုံခြုံတိုးတက်စေရေးအတွက် ပြည်သူလူထုအားအကာအကွယ်ပေးနိုင်မည့် လိုအပ်သော ဥပဒေများ ပေါ်ပေါက်လာရေးအတွက် ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ကြရပါသည်။

## ၄.၄။ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို အပြန်အလှန်ထိန်းညှိခြင်း

လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်အစည်းအဝေးများတွင် အဆိုတင်သွင်းခြင်း၊ မေးခွန်း မေးမြန်းခြင်း၊ ကော်မတီများက အစီရင်ခံစာတင်သွင်းခြင်းတို့ဖြင့် ထိန်းညှိဆောင်ရွက်သည်။ ပြည်သူလူထု၏ လိုအပ်ချက်များနှင့် သိရှိလိုသည့်ကိစ္စရပ်များကို ကိုယ်စားလှယ်များက လွှတ်တော် ရုံးမှတဆင့် ပြည်နယ်အစိုးရအဖွဲ့ရုံးသို့လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်သို့ လည်း ကောင်း တင်ပြပေးနိုင်သည်။ ထို့ပြင် လွှတ်တော်အနေဖြင့် ပြည်နယ်အစိုးရဝန်ကြီး ဌာနများ၏ လုပ်ငန်းစဉ်များကို လည်းဥပဒေနှင့်အညီ စောင့်ကြည့်ထိန်းညှိခြင်းလည်းဆောင်ရွက်ရသည်။

## ၄.၅။ လွှတ်တော်အစည်းအဝေးများကျင်းပခြင်း

လွှတ်တော်အစည်းအဝေးများကို တစ်နှစ်လျှင်အနည်းဆုံး တစ်ကြိမ်ကျင်းပရမည် ဖြစ်သည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂လထက် မပိုစေဘဲ ကျင်းပရမည်။ လွှတ်တော်အစည်းအဝေးသို့ ပထမနေ့တွင် တက်ရောက် ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကျော်တက်လျှင် အစည်းအဝေး အထမြောက် မည်ဖြစ်သည်။ သတ်မှတ်ဦးရေမပြည့်ပါက ရက်ရွှေ့သတ်မှတ်နိုင်သည်။ ရွှေ့ထားသည့် နေ့တွင် စုစုပေါင်း တက်ရောက်ခွင့်ရှိသူအားလုံး၏ ၃ပုံ ၁ပုံ ရှိပါက အစည်းအဝေး အထမြောက်ကျင်းပနိုင်သည်။ လွှတ်တော်အစည်းအဝေးကို အစိုးရရုံးဖွင့်ရက်များတွင် နံနက် ၁ဝနာရီမှ မွန်းလွဲ ၄နာရီအထိ ကျင်းပနိုင်သည်။ သတ်မှတ်ချိန်ကျော်လွန်ပြီး ကျင်းပရန် လိုအပ်ပါက လွှတ်တော်အဆုံးအဖြတ်နှင့် အချိန်ပိုမိုကျင်းပနိုင်သည်။ လိုအပ်ချက်အရ အရေးပေါ်အစည်းအဝေး၊ အထူးအစည်းအဝေးများကိုလည်း ခေါ်ယူကျင်းပရမည်။

၁၁



# vTwfawmftpnf;ta0;rs m;\ aqmif&Gufcsufrsm;

## ၅။[၁၂] လွှတ်တော်အစည်းအဝေးများ၏ ဆောင်ရွက်ချက်များ



**၅.၁။ ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော အောက်ပါ ဥပဒေကြမ်းများကို လွှတ်တော်သို့ ပေးပို့၍ တင်သွင်းဆွေးနွေး ဆုံးဖြတ်ရမည်။**

၁။ ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း

၂။ ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေကြမ်း

၃။ ပြည်နယ်အခွန်အကောက်ဆိုင်ရာဥပဒေကြမ်း

၁၄ ပြည်နယ်လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်-

(က) နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊
(ခ) နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌကခွင့်ပြုသော အခြား သဝဏ်လွှာများကို ဖတ်ကြားခြင်း၊မှတ်တမ်းတင်ခြင်း၊
(ဂ) ပြည်နယ်ဝန်ကြီးချုပ်ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊
(ဃ) ဥပဒေကြမ်းတင်သွင်းခြင်း၊ဆွေးနွေးခြင်း၊ဆုံးဖြတ်ခြင်း၊
(င) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ ပြည်နယ်လွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(စ) ပြည်နယ်လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊
(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊
(ဈ) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

## ၅.၃။ ဥပဒေကြမ်းတစ်ခုကို အတည်ပြုရန် ဆောင်ရွက်ပုံအဆင့်ဆင့်


ပြည်နယ်လွှတ်တော်
ဥက္ကဋ္ဌ
ပြည်နယ်အဆင့်
အဖွဲ့အစည်းများမှ
ဥပဒေကြမ်း တင်သွင်းသည်
ပြည်နယ်ဝန်ကြီးချုပ်
ကိုယ်စားလှယ်များက ဥပဒေကြမ်းများ တင်သွင်းသည်။

၁၄




ပြည်နယ်လွှတ်တော်က ဝန်ကြီးချုပ်ထံသို့ ပေးပို့သော ဥပဒေကြမ်းကို ဝန်ကြီးချုပ်သည် ၁၄ ရက်အတွင်းအတည်ပြု လက်မှတ်ရေးထိုးနိုင်ပါသည်။ သို့မဟုတ် ဝန်ကြီးချုပ်က ဥပဒေကြမ်းကို ပြန်လည်စိစစ်ရန်၊ ပြင်ဆင်ရန်၊ အကြံပြုချက်နှင့် ပြည်နယ်လွှတ်တော်သို့ ပြန်လည် ပေးပို့နိုင်ပါသည်။ ပြည်နယ်လွှတ်တော်က ပြန်လည်ဆွေးနွေးပြီး ဝန်ကြီးချုပ်၏ ပြင်ဆင်ချက် အတိုင်းဖြစ်စေ၊ မူလအတိုင်း အတည်ပြု၍ဖြစ်စေ၊ ဝန်ကြီးချုပ်ထံ ပြန်လည်ပေးပို့ပါသည်။ ထိုသို့ ပြန်လည်ပေးပို့သည့်နေ့၏ နောက်တစ်ရက်မှစ၍ (၇)ရက်အတွင်း ဝန်ကြီးချုပ်က လက်မှတ် ထိုးသည် ဖြစ်စေ၊ မထိုးသည်ဖြစ်စေ (၇)ရက်မြောက်သောနေ့တွင် ဥပဒေအဖြစ်သို့ ရောက်ရှိပါသည်။

## ၅.၄။ မေးခွန်းများနှင့် အဆိုများ

### မေးခွန်းမေးမြန်းခြင်းဆိုသည်မှာ

ပြည်နယ်အစိုးရ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ဖြစ်စေ၊ မဲဆန္ဒရှင် ပြည်သူများ၏ လက်တွေ့လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါရန်ဖြစ်စေ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်မှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့သို့ မေးမြန်းခြင်းဖြစ်သည်။

### မေးခွန်း အမျိုးအစားများ

သက်ဆိုင်ရာဌာနများက လုပ်ဆောင်ပေးသော လုပ်ငန်းများနှင့် ပတ်သက်ပြီး လူထုက သိရှိလိုသည့်အရာများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နေမှု အခြေအနေများနှင့် ထိရောက်မှုများအကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ဝန်ကြီးဌာနကို မေးမြန်းရာတွင် မေးခွန်းနှစ်မျိုးနှစ်စားမှာ-

- ကြယ်ပွင့်ပြ မေးခွန်း (ဝန်ကြီးဌာနက လွှတ်တော်သို့ လာရောက်ဖြေကြားရသည်)။
- ကြယ်ပွင့်မပြ မေးခွန်း(ဝန်ကြီးဌာနက စာဖြင့် ဖြေကြားရသည်)။

### အဆိုတင်သွင်းခြင်းဆိုသည်မှာ

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးနှင့်စပ်လျဉ်းသောကိစ္စ၊ အစိုးရအဖွဲ့အစည်းများနှင့် စပ်လျဉ်းသောကိစ္စ၊ ဥက္ကဋ္ဌက ခွင့်ပြုသော အခြားကိစ္စများအား တင်ပြဆွေးနွေးရန်ဖြစ်သည်။ ထိုသို့ နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အဆိုတင်သွင်းဆွေးနွေးခြင်းဖြင့် ဌာနဆိုင်ရာများက လိုအပ်သလို တာဝန်ယူ ဆောင်ရွက်နိုင်စေရေး တိုက်တွန်းရန်ဖြစ်သည်။

## ၅.၅။ ရသုံးမှန်းခြေငွေစာရင်း စိစစ်ခွင့်ပြုခြင်း

ပြည်နယ်လွှတ်တော်သည် ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသည့် ပြည်နယ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်သည်။

| သဘောတူအတည်ပြုခြင်း | ငြင်းပယ်ခြင်း | လျှော့၍ ခွင့်ပြုခြင်း |
| --- | --- | --- |

## ၅.၆။ ပြည်သူပါဝင်မှု

ပြည်သူများအနေဖြင့် ၎င်းတို့၏ နစ်နာဆုံးရှုံးမှုများကို သက်ဆိုင်ရာကော်မတီများထံ တင်ပြတိုင်ကြားခြင်း၊ အရပ်ဖက်အဖွဲ့အစည်းများ၏ အကြံပြုချက်များနှင့် စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြည်သူမှ အကြံပြုချက်များ ပေးပို့ခြင်း အစရှိသော ပြည်သူလူထု၏ ပူပေါင်းပါဝင်မှုများကို လွှတ်တော်များက ဆောင်ရွက် လျက်ရှိပါသည်။



# ၆။ လွှတ်တော် ကော်မတီများ

## ၆.၁။ လွှတ်တော်ရှိ ကော်မတီများ၏ အခန်းကဏ္ဍ




လွှတ်တော်စုံညီ အစည်းအဝေးကြီး၏ ပင်မလုပ်ငန်းများကို အသေးစိတ်ဆောင်ရွက်ပေးသောကော်မတီများကို လွှတ်တော်အတွင်းမှ လွှတ်တော်ငယ်များ ဟုလည်း နိုင်ငံတကာတွင် တင်စား ခေါ်ဝေါ်ကြသည်။

လွှတ်တော်စုံညီ အစည်းအဝေးများတွင် ဥပဒေများ၏ နိုင်ငံသားတို့အပေါ် ရှိမည့် သက်ရောက်မှုများ အကြောင်းကို အသေးစိတ် နားလည်ဆွေးနွေးရန် အချိန်လုံလောက်မည် မဟုတ်ပေ။ ထို့ကြောင့် လွှတ်တော်တွင်းတွင် ကော်မတီများ ဖွဲ့စည်းပြီး ဥပဒေများကို အသေးစိတ်လေ့လာကာ အကြံပြုချက်များ ဖော်ထုတ်ခြင်း၊ နိုင်ငံသားများအပေါ် သက်ရောက်ပုံများနှင့် အရေးကိစ္စ အဖုံဖုံကို နားလည်အောင် အချက်အလက်များ ခွဲခြမ်းစိတ်ဖြာခြင်း၊ နိုင်ငံသားများ၊ ပညာရှင်များ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် တိုက်ရိုက်နီးနှော တိုင်ပင်ခြင်းများကို အချိန်ယူ ပြုလုပ်ကြရပါသည်။ လွှတ်တော်စုံညီ အစည်းအဝေး ကြီး၏ ပင်မလုပ်ငန်းများကို ထိုကဲ့သို့ အသေးစိတ်ဆောင်ရွက် ပေးသော လွှတ်တော်ကော်မတီများကို လွှတ်တော်အတွင်းမှ လွှတ်တော်ငယ်များ ဟုလည်းနိုင်ငံတကာတွင် တင်စား ခေါ်ဝေါ် ကြသည်။

လွှတ်တော်မှ ကော်မတီများသည် ပြည်နယ်အစိုးရအဖွဲ့ရှိ ဝန်ကြီးဌာနများအား စောင့်ကြည့်ခြင်းနှင့် အပြန်အလှန် ထိန်းညှိခြင်းများ ပြုလုပ်ပြီး၊ နိုင်ငံသားများ၏ ရပိုင်ခွင့်၊ အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်နိုင်ရေး အတွက်လည်း ကြိုးပမ်းလျက်ရှိပါသည်။

အထက်ပါကော်မတီများသည် မိမိတို့နှင့်သက်ဆိုင်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး အချက်အလက်များ ခွဲခြမ်း စိတ်ဖြာ၍ အစီရင်ခံစာများ ရေးသားကာ လွှတ်တော်အတွင်း သို့တင်သွင်း ဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## ၆.၂။ ကော်မတီများ ဖွဲ့စည်းခြင်း

ပြည်နယ်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသားလူမျိုးများအရေးတို့အပြင် လိုအပ်ပါက အခြားရေးရာကိစ္စရပ်များကို လေ့လာ တင်ပြနိုင်စေရေးအတွက် လွှတ်တော်ကော်မတီများကို သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်။

## ရေးရာကော်မတီ ၆ ခု

- ကရင်ပြည်နယ် ဥပဒေလေ့လာသုံးသပ်ရေးကော်မရှင်
- ကရင်ပြည်နယ် ဥပဒေပြုရေးဆိုင်ရာကော်မတီ
- ကရင်ပြည်နယ် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီ
- ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များနှင့် တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာ စိစစ်ရေးကော်မတီ
- ကရင်ပြည်နယ် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စိစစ်အကြံပြုရေးကော်မတီ
- ကရင်ပြည်နယ် စည်ပင်သာယာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စီးပွားရေးကော်မတီ

## ၇။ လွှတ်တော်လေ့လာရေး

လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့်အတွက် ပြည်သူများအနေနှင့် မိမိတို့ ကိုယ်စားလှယ်များ လွှတ်တော်တွင် မည်သည့်ကိစ္စရပ်များကို မည်သို့ ဆောင်ရွက်ဆွေးနွေးနေကြသည်ကို မျက်မြင်ကိုယ်တွေ့ သိရှိနိုင်ရန် လွှတ်တော်သို့ လာရောက်လေ့လာသင့်ပါသည်။

## ၇.၁။ လွှတ်တော်သို့ လာရောက်လေ့လာရန်အတွက် ဆောင်ရွက်ရမည့်အချက်များ

(က) ပြည်သူများက လွှတ်တော်ရုံးသို့လာရောက်လေ့လာလိုပါက လွှတ်တော်ရုံးအကြီးအမှူးထံ လိပ်မူ၍ ၃ ရက်ကြိုတင်ပြီး အကြောင်းကြားစာ ရေးသားပေးပို့ရပါမည်။

(ခ) ထိုသို့ ပေးပို့တွင် အောက်ပါအချက်များပြည့်စုံစွာ ဖော်ပြလျက် စာဖြင့်လည်းကောင်း၊ ဖက်စ်ဖြင့်လည်းကောင်း ပေးပို့နိုင်ပါသည်။

(၁) လာရောက်လေ့လာလိုသည့် ရက်စွဲ/အချိန်
(၂) လေ့လာရေး လာရောက်မည့် လူအမည်စာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်အမှတ်
(၃) နိုင်ငံခြားသားဖြစ်လျှင် ပတ်စ်ပို့ နံပါတ်
(၄) ဆက်သွယ်ရန် ဖုန်းနံပါတ်
(၅) ယာဉ်အမှတ်နှင့် ယာဉ်မောင်းအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ကို ပူးတွဲပေးပို့ရပါမည်။
- အခက်အခဲရှိပါက သက်ဆိုင်ရာကိုယ်စားလှယ်ကို ဆက်သွယ်ပြီး အကူအညီ တောင်းခံနိုင်ပါသည်။

(ဂ) လွှတ်တော်သို့ လာရောက်လေ့လာသူများသည် လွှတ်တော်များမှ ချမှတ်ထားသော စည်းကမ်းများကို လိုက်နာရန် လိုအပ်ပါသည်။

## ၇.၂။ လွှတ်တော်အသီးသီးမှ ဆောင်ရွက်ပေးသော အကူအညီများ

လာရောက်လေ့လာသူများ၏ တင်ပြချက်နှင့် ရရှိသောအချိန်ပေါ်မူတည်ပြီး လေ့လာလိုသည်များကို အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ပေးပါသည်-

(က) အစည်းအဝေး ကျင်းပမှုကို လေ့လာခြင်း
(ခ) လွှတ်တော်စာကြည့်တိုက်နှင့် မော်ကွန်းဌာနကိုလေ့လာခြင်း
(ဂ) လွှတ်တော်အဆောက်အဦများကို လေ့လာခြင်း
(ဃ) လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံနိုင်ခြင်း
(င) လွှတ်တော်များ၏ ထင်ရှားသော အထိမ်းအမှတ်များကို လေ့လာခြင်း

## ၇.၃။ ဆက်သွယ်ရန်

ဖုန်း - ၀၆၇ ၂၃၄၇၀
ဖက်စ် - ၀၆၇ ၂၃၂၁၆